ဆည်ခွဲကျေးရွာ

ဆည်တိုကျေးရွာအုပ်စု

မလှိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆည်ခွဲကျေးရွာ၊ မလှိုင်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၂

၁. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခကျေးရွာ၏ ရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၈

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၉

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၁၀

၄.စ။ ပညာရေး ၁၁

၄.ဆ။ ကျန်းမာရေး ၁၂

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၃

၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅

၆. နှစ်အလိုက်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၆

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၇
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၈

စကားချီး

ဆည်တိုကျေးရွာအုပ်စု၊ ဆည်ခွဲကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၃ ခုနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင် ရေးဆွဲထားသည့် (၂၀၂၃-၂၀၂၇) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ် ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း စီမံချက် ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီး မြှုပ်နှံမှု အစီအစဉ်(AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များ စသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုး ပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာန၊ မိတ္ထီလာခရိုင်၊မလှိုင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာနကိုလည်းကောင်း၊ လိုအပ် သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးလက် ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး နှင့် တာဝန်ခံ အင်ဂျင်နီယာ ဆရာမအား လည်းကောင်း၊ ကျေးရွာမှကော်မတီဝင် အဖွဲ့သားများ နှင့် ကျေးရွာ ပြည်သူ လူထုအား လည်းကောင်း၊ ကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ဆယ်အိမ်ခေါင်းများအား လည်းကောင်း အထူးပင် ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို စည်းလုံး ညီညွတ်စွာဖြင့် ဆက်လက်အသုံးချခွင့်ရရှိသည့်အတွက် လွန်စွာ အားရကျေနပ်မိပါသည်။ ယခုလိုလူထု ကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေ ရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရေးဆွဲရေးအဖွဲ့ တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ် တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်စေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ ဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ဆည်ခွဲကျေးရွာ၊ မလှိုင်မြို့နယ်


၁. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ သယံဇာတပြမြေပုံ



၂. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ဆည်ခွဲကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ဆည်ခွဲကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မလှိုင်မြို့၏ တောင်ဘက် (၁၂)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ခြောက်ပေါက်ကြီးကျေးရွာ၊ တောင်ဘက်တွင် သဲကန်ကျေးရွာ၊ အရှေ့ဘက်တွင် ကသစ်ပင်ကျေးရွာတို့နှင့် နယ်နိမိတ် ထိစပ်လျက် ရှိပါသည်။ဆည်ခွဲကျေးရွာသည် ရှေးကာလ ကြာမြင့်စွာ ကတည်းကတည်ရှိခဲ့သော ကျေးရွာအုပ်စု ဖြစ်သည်။ ဆည်ခွဲကျေးရွာတွင် သမိုင်းဝင် ထင်ရှားသော အဆောက်အဦးများမရှိပါ။ ကျေးရွာသို့သွားသော လမ်းမှာ ကတ္တရာလမ်းနှင့် မြေသား လမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရေး ခက်ခဲနိုင်ပါသည်။ဆည်ခွဲကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပြီး ပဲစင်းငုံ၊ ဝါနှင့် နှမ်းသီးနှံများကို အဓိက စိုက်ပျိုးသော ကျေးရွာတစ်ရွာ ဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆည်ခွဲကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံး ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာရွာသွန်းလေ့ရှိပြီး တစ်ခါတရံ မိုးခေါင်ခြင်းကြောင့် ရာသီဥတုမှန်ကန်ခြင်းမရှိပါ။ လယ်မြေ/ယာမြေ များမှာ မိုးကောင်းရေသောက်ဖြင့် စိုက်ပျိုးကြရသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေများကို ပဲစင်းငုံ၊ ပဲနှောက်၊ ပြောင်း၊ ဝါနှင့် နှမ်းသီးနှံများကို အဓိကထား စိုက်ပျိုးကြသည်။

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဆည်ခွဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကို အခြေပြုသောအဖွဲ့(၇)ဖွဲ့နှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်း

ဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါ က ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။ ဆည်ခွဲကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ရပ်မိ ရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် ကျောင်းကော်မတီ အဖွဲ့ဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင် အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန် အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ ရှာဖွေခြင်းများ လုပ်ဆောင် နိုင်ရန် အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီ ချက်ပြုတ် လုပ်ဆောင်ရန် အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူး.များမှ စီမံခန့်ခွဲဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဆည်ခွဲကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စုစုပေါင်း အိမ်ထောင်စု(၂၄၂)စုသည် လယ်ယာစိုက်ပျိုးခြင်းကို ကိုယ်ပိုင်လုပ်ကိုင်ပြီး ကျန်သော အိမ်ထောင်စုများမှာ လယ်ယာလုပ်ငန်းကို အငှားလုပ်ကိုင်လျက် ရှိကြပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ် ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ အိမ်ထောင်စု အားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သူများဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ် အရောင်းအဝယ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း နှင့် ပန်းရံလုပ်ငန်း လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတုနှင့် စိုက်ပျိုးရေ ကောင်းစွာ ရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပြီး မိုးမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်သူများမှာလည်း စိုက်ပျိုးရေး

လုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ် နေသောကြောင့် တောင်သူများ အကျိုးအမြတ် ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်းအလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှု ရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတက်ပါသည်။ ဩဇာခြံကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့်(၄) ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓန အဆင့်အခြေအနေအရ ချမ်းသာသော မိသားစုမှာ ကျေးရွာရှိ အိမ်ထောင်စု (၁၀၀)စု၊ အဆင်ပြေသော အိမ်ထောင်စု (၅၀)စု၊ မပြေလည်သော အိမ်ထောင်စုမှာ (၅၀)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု မှာ (၄၂)စုရှိကြောင်း တွေ့ရှိရပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဆည်ခွဲကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိပါသည်။ ဆည်ခွဲကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ရန်လိုအပ်သည်။ မီးသုံးစွဲမှုအနေဖြင့် ဆည်ခွဲကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။ဆည်ခွဲကျေးရွာတွင် မည်သည့်ရေကြောင်း သယ်ယူပို့ဆောင်မှု မရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး(၁၅)စီးမှာ ရွာတွင်းနှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၂၀၀)စီးမှာ သယ်ယူပို့ဆောင်ရေး ဝန်တင်အဖြစ်သုံးကြသည်။ ပစ္စည်းများသယ်ယူပို့ဆောင်ရန်အတွက် ကား(၄)စီးရှိပါသည်။ နွားလှည်း(၁၀၀)စီးရှိပြီး စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း(၂၀၀)လုံးရှိပြီး စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက် အသုံးပြု နိုင်သည်။ ရေဒီယို(၆၀)လုံး၊ တီဗွီ (၁၀၀)လုံးရှိပြီး တီဗွီမှ ဗဟုသုတ အစီအစဉ်များ၊ နိုင်ငံခြား ရုပ်သံ ဇာတ်လမ်းတွဲ များကို ကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ဆည်ခွဲကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ သို့သော်လည်း အထက်တန်းပညာသင်ကြားရန်အတွက် ဆည်တိုကျေးရွာရှိ ဘော်ဒါများသို့ သွားရောက်၍လည်း သင်ကြားကြပါသည်။ ထိုသို့ ဝေးကွာသောကျောင်းသို့ သွားရောက်ရာ၌ ကျောင်းသား/သူများ၏ မိဘများမှာ ငွေကုန်ကြေးကျများပြားလှ၏။ ထို့ကြောင့် ထိုအခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်မှ သင်ထောက်ကူပစ္စည်းများ ထားရှိပေးခြင်း၊ ကျောင်းသား/သူ များ ဘက်စုံထူးချွန်စေမည့် စီမံချက်များ လုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာ၏ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ဆည်ခွဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးရွာသူ/သားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း တို့ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေး ဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေးဗဟုသုတ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။ သို့သော်လည်း အရေးပေါ်ကိစ္စများတွင် ကျန်းမာရေးဝန်ဆောင်မှုအချိန်မှီ ရရှိနိုင်ရန်အတွက် မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးမြို့ဆေးရုံများသို့ သွားရောက်ကုသရပါသည်။ သောက်သုံးရေအတွက် အိမ်တိုင်းနီးပါး အဝီစိတွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ အသုံးပြုလျက်ရှိသော ရေများသည် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှု မရှိသေးပါ။ ကျေးရွာရှိ အိမ်ထောင်စု (၂၂၀)စုသည် ယင်လုံအိမ်သာ သုံးစွဲကြပြီး ကျန်ရှိသော အိမ်ထောင်စုများမှာ အိမ်သာ သုံးစွဲမှုမရှိကြပါ။ ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီးပုံများကို အသိပညာပေးခြင်းများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆည်ခွဲကျေးရွာ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု မရှိသဖြင့် သန့်ရှင်းမှုအားနည်းပါသည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း အစရှိသော ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးရှားပါးမှုနှင့် ကြံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံး နိုင်ခြင်း အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ဆည်ခွဲကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန် အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူတူပင် ဖြစ်သည်။ ဆည်ခွဲကျေးရွာတွင် ကျားမ မရွေး၊ လူကြီး လူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်လှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်း သာရေးနာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာ လုံခြုံရေးလုပ်ငန်းများ၊

ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂)လ ရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ ဩဇာခြံကျေးရွာရှိ အမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေး များတွင် သံဝေဂအလင်္ကာများ ရွတ်ဆို ပို့ဆောင် ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်း များတွင် အမျိုးသားများ နှင့်တန်းတူ ရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေး တွင် လုပ်ကိုင်ကြသော အမျိုးသားများ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၈၀၀၀/–) ကျပ်နှင့် အမျိုးသမီးများ၏ ပျမ်းမျှတစ်ရက် လုပ်အားခမှာ (၇၀၀၀/–)ကျပ် ဖြစ်ပါသည်။ အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများလည်း ရှိပါသည်။

၅. ဦးစားပေးစီမံချက်လုပ်ငန်းများ(ဆည်ခွဲကျေးရွာ)

စဉ်	စီမံချက်လုပ်ငန်းအမည်	အဖွဲ့ (၁)	အဖွဲ့ (၁)	အဖွဲ့ (၂)	အဖွဲ့ (၂)	အဖွဲ့ (၃)	အဖွဲ့ (၃)	အဖွဲ့ (၄)	အဖွဲ့ (၄)	အဖွဲ့ (၅)	အဖွဲ့ (၅)	စုစုပေါင်းရမှတ်	အဆင့်
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂	မူလတန်းလွန်ကျောင်းအဆင့်မြှင့်တင်ပေးပါရန်	၈	၈	၉	၉	၉	၈	၈	၈	၉	၉	၈၅	၂
၃	စိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့်ရရှိနိုင်ရန်	၈	၈	၇	၇	၆	၆	၈	၈	၉	၉	၇၆	၃
၄	မြစိမ်းရောင်စီမံကိန်း ချထားပေးရန်	၇	၇	၆	၈	၉	၉	၇	၇	၇	၇	၇၄	၄
၅	စာကြည့်တိုက်ချထားပေးပါရန်	၅	၆	၆	၅	၆	၆	၈	၇	၉	၉	၆၇	၅

၆. နှစ်အလိုက်စီမံချက်လုပ်ငန်းများ(ဆည်ခွဲကျေးရွာ)

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၁	√				
၂	မူလတန်းလွန်ကျောင်းအဆင့်မြှင့်တင်ပေးပါရန်	၂					
၃	စိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့်ရရှိနိုင်ရန်	၃		√			
၄	မြစိမ်းရောင်စီမံကိန်း ချထားပေးရန်	၄					
၅	စာကြည့်တိုက်ချထားပေးပါရန်	၅					

မလှိုင်မြို့နယ်၊ ဆည်တိုအုပ်စု၊ ဆည်ခွဲကျေးရွာ၏ ကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးသောင်းအေး	ဦးပိန်	၉/မလန(နိုင်)၀၂၉၇၆၉	၅၆နှစ်	ဥက္ကဋ္ဌ	၀၉-၂၆၆၇၂၈၅၅၃၃	
၂	ဦးတင်ဆောင်	ဦးအောင်စီ	၉/မလန(နိုင်)၀၅၅၂၂၆	၇၀နှစ်	ဘဏ္ဍာရေးမှူး	၀၉-၂၆၃၅၂၈၀၀၄	
၃	ဦးကျော်ဆန်း	ဦးသန်းမောင်	၉/မလန(နိုင်)၀၂၈၀၅၈	၅၅နှစ်	အတွင်းရေးမှူး	၀၉-၂၅၇၀၂၉၅၂၃	
၄	ဦးဝင်းလွင်	ဦးပု	၉/မလန(နိုင်)၁၂၇၄၅၁	၄၂နှစ်	စာရင်းကိုင်	၀၉-၇၆၁၅၉၉၁၅၆	
၅	ဦးစိုးမြိုင်	ဦးတင်အောင်	၉/မလန(နိုင်)၀၂၅၉၈၂	၅၆နှစ်	ဝယ်ယူရေးဥက္ကဋ္ဌ	-	
၆	ဦးမျိုးလှိုင်	ဦးအောင်ပု	၉/မလန(နိုင်)၀၈၇၈၁၆	၅၀နှစ်	အဖွဲ့ဝင်	၀၉-၂၆၄၆၆၀၁၈၀	
၇	ဒေါ်ဝင်းကြည်	ဦးလှပြည့်	၉/မလန(နိုင်)၁၅၆၅၄၅	၅၁နှစ်	အဖွဲ့ဝင်	-	
၈	ဒေါ်မြင့်မြင့်ရီ	ဦးအောင်ဆန်း	၉/မလန(နိုင်)၁၄၇၆၆၂	၄၄နှစ်	အဖွဲ့ဝင်	-	
၉	ဒေါ်ခင်မိုးမိုး	ဦးစံအောင်	၉/မလန(နိုင်)၀၉၁၆၄၃	၄၈နှစ်	အဖွဲ့ဝင်	၀၉-၆၆၃၃၁၈၉၅၁	
၁၀	ဒေါ်ငြိမ်းငြိမ်းထွေး	ဦးသိန်းငွေ	၉/မလန(နိုင်)၁၅၂၀၈၉	၂၉နှစ်	အဖွဲ့ဝင်	၀၉-၂၆၃၂၂၉၀၉၅	
၁၁	ဒေါ်စန်းစန်းလှိုင်	ဦးခင်ကို	၉/မလန(နိုင်)၁၁၅၁၂၈	၄၂နှစ်	အဖွဲ့ဝင်	၀၉-၂၆၂၈၁၆၄၃၆	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃၀	၂၃	၅၃
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၅၀	၅၆	၁၀၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၅	၆၀	၁၁၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၀	၇၀	၁၄၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၁၆	၅၇၅	၇၉၁
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၇	၅၇	၉၄
စုစုပေါင်း		၄၅၈	၈၄၁	၁၂၉၉
စုစုပေါင်း အိမ်ထောင်စု				၂၄၂

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ဩဇာခြံကျေးရွာတွင် အိမ်ခြေ(၂၄၂)အိမ်နှင့် လူဦးရေ(၁၂၉၉) ဦး ရှိကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၄၂	၂၄၂	၀	မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၀	၁၄၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၇	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၀	မြင့် ☐လတ် ☑နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် □လတ် □နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများ အနေဖြင့် ရာသီဥတုနှင့် စိုက်ပျိုးရေ ကောင်းစွာရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး မိုးမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း ရင်ဆိုင်ရတက်ကြောင်း တွေ့ရှိရပါ သည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (**လစာ÷၂၂.၇၅**)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ × ၈**)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဩဇာခြံကျေးရွာတွင် နေ့စားလုပ်သားအမျိုးသားများ နေ့စား(၈၀၀၀/-)ကျပ်နှင့် အမျိုးသမီးများနေ့စားလုပ်အား(၇၀၀၀/-)ကျပ် ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၈၆.၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ ကျွန်းမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	.၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၇၈၆.၀၀	☒		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် လယ်မြေမရှိကြောင်း၊ ယာမြေများသည် မြေဆီလွှာ အရည်အသွေး အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသောအိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သောအိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များး	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀၀	၅၀	၃၀	၄၂

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အသင့်အတင့်ရှိကြောင်း တွေ့ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်		၅	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို အမျိုးသမီး(၅)ဦးရှိကြောင်းတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် မိုးခေါင်မှုကြောင့် တောင်သူများ စီးပွားရေး အဆင်မပြေကြောင်းတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် အလုပ်လက်မဲ့လူငယ် အသင့်အတင့် ရှိကြောင်း၊ လက်လုပ်လက်စား ကျပန်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းပါး ကြောင်းတွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေး	၁ ☐ ၂ ☑ ၃ ☐	၂၀		၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ပညာရေး	၁ ☐ ၂ ☑ ၃ ☐	၃၀	၁၀	၄၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၃	ပရဟိတအသင်း	၁ ☐ ၂ ☑ ၃ ☐	၂၀		၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ဂေါပကအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၀	၁၀	ပညာရေး ☐ ငွကေြး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရြေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခုံရြေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	စျေးအဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး □	
		၁ □ ၂□ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၃)ဖွဲ့ ရှိပြီး အဖွဲ့အား‌လုံး၏ စွမ်းဆောင်နိုင်မှုသည် အသင့်အတင့်သာ ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Tu Tu Finance	၁ ☐ ၂ ☑ ၃ ☐ ၄☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း တစ်ဖွဲ့ရှိကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၆၀	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၃၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၃၄၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ဆည်ခွဲကျေးရွာတွင် တောင်သူကြီးအရေအတွက်နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၁၅၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် ရေအရင်းအမြစ်ရှိသော်လည်း

စိုက်ပျိုးရေးလုပ်ငန်းကို မိုးကောင်းရေသောက်ဖြင့် လုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
နှမ်း	၆၀၀	တင်း	၂	၅	၇	ကဆုန်	ဝါခေါင်	မြင်၍ လတ်☑ နိမ့်☐	မြင်၍ လတ်☐ နိမ့်☑
မြေပဲ	၂၀၀	တင်း	၃၀	၄၀	၂၀	ဝါဆို	သီတင်းကျွတ်	မြင်၍ လတ်☑ နိမ့်☐	မြင်၍ လတ်☐ နိမ့်☑
ပဲစင်းငုံ	၂၀၀	တင်း	၃	၅	၁၀	ကဆုန်	တပို့တွဲ	မြင်၍ လတ်☑ နိမ့်☐	မြင်၍ လတ်☐ နိမ့်☑
ဝါ	၁၀၀	ပိဿာ			၄၀	ကဆုန်	သီတင်းကျွတ်	မြင်၍ လတ်☑ နိမ့်☐	မြင်၍ လတ်☐ နိမ့်☑
								မြင်၍ လတ်☑ နိမ့်☐	မြင်၍ လတ်☐ နိမ့်☑
								မြင်၍ လတ်☑	မြင်၍ လတ်☐

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								နိမ့်☐	နိမ့်☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -ဆည်ခွဲကျေးရွာတွင် နှမ်း၊ မြေပဲ၊ပဲစင်းငုံနှင့်ဝါ များ ကို အဓိကထား ၍ အများဆုံး စိုက်ပျိုးကြကြောင်း၊ မိုးကောင်းရေသောက်ဖြစ်၍ အမြတ်ရရှိမှု နည်းကြောင်း တွေ့ရှိရ ပါ သည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	၀	၀	၈၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၃	၀	၀	၀
ရေစုပ်စက်	၁၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် ထွန်စက်(၁)စီးရှိကြောင်း၊ ငှားရမ်းခမှာ တစ်နာရီလျှင်(၃၅၀၀၀)ကျပ်ဖြစ်ကြောင်း၊ မိုးကောင်းရေသောက်ဖြစ်၍ မိုးခေါင်လျှင် သီးနှံ အထွက်နှုန်း လျော့နည်းကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစစ်များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြား အော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖင်္ဂရောင်းချနိုင်သည်

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
	☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် သဘာဝရေမြေအနေအထားမှာ သင့်တင့်မျှတမှုရှိကြောင်း၊ လယ်ယာမြေကိုလည်း အသင့်အတင့်အသုံးချနိုင်မှုရှိကြောင်း၊ ချေးငွေများလည်း ချေးယူ၍ ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မခြေဆီသင်္ကြမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမကြိုးခွဲနိုင်မှုမရှိပါ☑ လယ်ယာမခြေသုံးရှုံးမှုများသည်☐ လယ်ယာမခြေသုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မခြေများရှိသည်☐ပလပ်မခြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖင်္ဂမရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☑ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် ရာသီဥတုမမှန်ကြောင်း၊ ဖျက်ပိုးနှင့်ရောဂါကျရောက်မှု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၈၀	၂၈၀
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၁၀	၂၀၀
သိုး	၀	၀
ဝက်	၀	၀
ကြက်	၅၀	၁၅၀
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆည်ခွဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် နွားများကို အဓိကမွေးမြူကြကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/** **ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပဓါများ☐ အသင့်အတင့်☑ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
